## အခန်း (၂၀)
## *Chapter 20*
## အသင်းတော်ဓလေ့ထုံးစံများ
## *Church Traditions*

သိရှိနားလည်ရန် အံ့ဩဖွယ်ကောင်းသောအကြောင်းအရာသည် လွယ်ကူရိုးရှင်းသောအကြောင်းတစ်ခုဖြစ်သည်။၎င်းသည် ဣသရေလလူမျိုးဘာသာရေးခေါင်းဆောင်သူများနှင့်သခင်ယေရှုတို့၏ အငြင်းပွါးမှုသည် မေရှယနှင့်သက်ဆိုင်သောပဋိညာဉ်မဟုတ်ပေ။သခင်ယေရှုက ပဋိညာဉ်ဟောင်းကိုစောင့်ထိန်းခဲ့ပါသည်။လူတစ်ယောက်ကလွဲ၍ ကျန်ရှိသေးသောသူတို့သည အကျင့်ပျက်သောအမျိုးသမီးကို အကြောင်းပြု၍သခင်ယေရှုကို နောက်ယှက်စုံစမ်းရန်ကြိုးစားကြပါသည်။သခင်ယေရှုကို ရန်ဘက်ပြု၍ပုန်ကန်တို့က သူကကိုစုံစမ်းသွေးဆောင်နိုင်ရန်နည်းလမ်းများစွာကို ကြံစည်ခြင်းဖြစ်သည်။သခင်ယေရှုစိတ်ဒေါသထွက်ရန်အတွက် သူတို့ကြံစည်မှုတို့သည် သခင်ယေရှုကိုဒေါသထွက်အောင်မလုပ်နိုင်ပေ။အဘယ်ကြောင့်ဆိုသော် သူကဓမ္မဟောင်းကျမ်းထဲ၌ ဖော်ပြထားချက်တို့နှင့်ဆန့်ကျင်သော်အရာတို့ကို မပြုသောကြောင့်ပင်ဖြစ်သည်။ထိုပြင်သူက မျက်ဝါးထင်ထင်လုံးဝမလုပ်ခဲ့ပေ။သို့သော်သူက မိရိုးဖလားဦးဆောင်သူတို့ကို စိန်ခေါ်၍ထိတ်တိုက်ရင်ဆိုင်ခဲ့ရသည်။

ကျွန်ုပ်တို့ရှင်မာကုထဲတွင် ဖတ်ရှုနိုင်ပါသည်။ “ထိုအခါဖာရိရှဲတို့နှင့်ယေရှုရှလင်မြို့မှရောက်လာသောကျမ်းပြုဆရာအချို့တို့သည် အထံတော်သို့စုဝေး၍ တပည့်တော်အချို့တို့သည် ညစ်ညူးသောလက်တည်းဟူသော ရေမဆေးသောလက်နှင့်အစာစားသည်ကို မြင်လျှင်အပြစ်တင်ကြ၏။အကြောင်းမူကား ရှေးလူဟောင်းတို့မှ ဆက်ဆံသောနည်းဥမဒေသကို ခံယူသောဖာရိရှဲတို့မှစ၍ လူအပေါင်းတို့သည် လက်ဆုပ်မဆေးပဲအစကိုစားလေ့မရှိ။ဈေးမှပြန်လာသောအခါ၌လည်း ဆေးခြင်းမပြုဘဲစားလေ့မရှိ။ထိုမှတပါး ခွက်၊ဖလား၊ကြေးဝါပုကန်၊ခုတင်တို့ဆေးခြင်းမှစ၍ အခြားသောထုံးတမ်းများကိုခံယူ၍ ကျင့်လေ့ရှိ၏။ထိုအခါ ဖာရိရှဲတို့နှင့်ကျမ်းပြုဆရာတို့က ရှေးလူဟောင်းတို့မှဆက်ခံသောနည်းဥပဒေသကို ကိုယ်တော်၏တပည့်တော်တို့သည် မကျင့်ပဲလျက်အဘယ်ကြောင့်ညစ်ညူးသောလက်နှင့်အစာစားကြပါသနည်းဟု မေးလျှောက်ကြ၏။” (မာကု ၇း၁-၅) ဤနေရာတွင်မည်သည့်အကြောင်းအရာကိုတွေ့ရှိနိုင်သနည်း။အဖြေကတော့ ဣသရေလလူမျိုးတို့သည် သီအိုလော်ဂျီပိုင်းနှင့်ပတ်သက်သော အယူဝါဒကိုဆွဲကိုင်ရာတွင် ဓမ္မဟောင်းကျမ်းစာသည် ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုအတွက် နောက်ဆုံးသောအမိန့်အာဏာဖြစ်သည်ဟု ထင်မှတ်တတ်ကြပါသည်။တကယ်တန်းကျတော့ သူတို့ခံယူချက်နှင့်ခြားနားမှုတချို့ရှိသည်။ဂျူးလူမျိုးတို့က “သင်းထောက်လူကြီးတို့မိန့်ကြားသော ဓလေ့ထုံးစံ” သို့မဟုတ် “နှုတ်တိုက်ပဋိညာဉ်” ခေါ်သွန်သင်မှုနှင့်ကျင့်သုံးမှုစနစ် ကိုပို၍ဦးစားပေးထားသည်။

ဖာရိရှဲ ယုဒလူမျိုးတို့က ဘုရားသခင်ကစီနိုင်းတောင်ပေါ်တွင် မောရှေထံသို့ပဋိညာဉ်ပေး သောအခါ ပဋိညာဉ်နှစ်ခုပေးအပ်သည်ကိုတွေ့ရှိနိုင်သည်ဟု သွန်သင်ခဲ့သည်။စာသားအားဖြင့်ပေး သောပဋိညာဉ်သို့မဟုတ် မောရှေ၏ဥပဒေသသည် ဓမ္မဟောင်းထ၏ကျမ်းထဲတွင် မှတ်တမ်းတင် ထားသည်ကိုတွေ့ရှိနိုင်သည်။သို့သော် ဒုတိယပဋိညာဉ်သည် လျှို့ဝှက်ပဋိညာဉ်ဖြစ်ပြီး ဆွေစဉ် မျိုးဆက်တလျှောက်နှုတ်တိုက်ဖွင့်ဆိုထားသော ပဋိညာဉ်ဖြစ်သည်။ဤလျှို့ဝှက်ပဋိညာဉ်သည် သခင်ယေရှုအချိန်မတိုင်မီပရိတ်သတ်ရှေ့မှောက်တွင် ဖွင့်ဟပြောဆိုခဲ့ပါသည်။ဤနှစ်ခုပြိုင်ဆိုင်သော ပဋိညာဉ်ကို ကြည့်သောအခါတွင်ဖြစ်စေ၊သူတို့၏သွန်သင်မှုကို ကြည့်သောအခါတွင်ဖြစ်စေ၊ဣသရေလလူမျိုးတို့က သူတို့အတွက်နောက်ဆုံးအမိန့်အာဏာသည် မည်သည့်အရာဖြစ်သည်ကို ဆုံးဖြတ်ရန်လိုအပ်သည်။ထို့ပြင် မိတ်ဆွေအနေနှင့်ဤနှစ်ခုကို မိတ်ဆွေ၏နောက်ဆုံးဩဇာအာဏာအဖြစ်စွဲကိုင်ထားသည်ဟု ကြွေးကြော်နိုင်ပါသည်။(နှစ်ခုဟုဆိုရာတွင် ဓမ္မဟောင်းကျမ်းနှင့်နှုတ်တိုက်ပညတ်တော်ကို ဆိုလိုသည်)။သို့သော် မိတ်ဆွေသည်တခုတည်းသာရှိနိုင်ပါသည်။နှစ်ခုထဲတွင် မိတ်ဆွေ၏နာခံမှုသည်တစ်ခုပေါ်တွင် အားသန်ပါကတစ်ခုကို ပစ်ပယ်ခြင်းပင်ဖြစ်သည်။ဣသရေလလူမျိုးတို့ သည်

နှုတ်တိုက်ပညတ်တော်ဖြင့် အသက်ရှင်ကြသူများဖြစ်ကြသည်။သူတို့သည် မောရှေ၏ပညတ်ချက်အတိုင်း မလိုက်နာခဲ့ပေ။ထို့ပြင် သူတို့ကဓမ္မဟောင်းကျမ်းစာကို ဒုတိယသြဇာအာဏာအဖြစ်လိုက်နာခဲ့သည်။အမှန်အကန်ပြောရလျှင် ဖါရိရှဲတို့သည် သင်းထောက်လူကြီးတို့၏ဓလေ့ထုံးစံကို ဆန့်ကျင်ဘက်ပြုပါက ဓမ္မာဟောင်းကျမ်းစာကို ဆန့်ကျင်ဘက်ပြုခြင်းထက်ပို၍ ပျက်စီးနိုင်သည်ဟု အရှက်ကင်းမဲ့စွာ ဖော်ပြထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့နားလည်ရမည့်အချက်ကတော့ သခင်ယေရှုသည် ဤလောကသို့ကိုယ်ရောင်ထင်ရှားသည့်အချိန်တွင် ဣသရေလလူမျိုးတို့သည် အမျိုးမျိုးသောသွန်သင်မှုနှင့်ကျင့်သုံးမှုအောက်တွင် အသက်ရှင်ခဲ့ကြပါသည်။သူတို့သည် ဓမ္မဟောင်းထဲ၌ဖော်ပြထားသောသွန်သင်မှုတို့နှင့်ကျင့်သုံးမှုတို့ကို လုံးဝဆန့်ကျင်ကာ အသက်ရှင်ခဲ့ကြပါသည်။ထို့ကြောင့်သူတို့သည် ဘုရားသခင်ကိုယ်တိုင်လမ်းပြပို့ဆောင်ခြင်းကို ဆန့်ကျင်ကြခြင်းပင်ဖြစ်သည်။၎င်းလမ်းပြပို့ဆောင်ခြင်းသည် နှုတ်တိုက်ပညတ်တော်မပေးမီ ဘုရားသခင်ကိုယ်တိုင်က မောရှေထံသို့ပေးသော ပညတ်တော်ပင်ဖြစ်သည်။လူတွေပြုလုပ်သော ဥပဒေနှင့်လူတွေဖန်တီးသော သွန်သင်ခြင်းနှင့်ကျင့်သုံးမှုတို့သည် စာသားဖြင့် ရေးသားထားသောနှုတ်ကပတ်တော်နေရာ၌ အနိုင်အနင်းနေရာယူထားခဲ့သည်။ထိုကဲ့သို့ကြွေးကြော်သည့်အခါ သူတို့သည်ဓမ္မဟောင်းကျမ်းစာကို ဆန့်ကျင်ခဲ့သော်လည်း ထိုကဲ့သို့သွန်သင်မှုများနှင့်ဓလေ့ထုံးစံတို့သည် ဣသရေလလူမျိုးတို့၏ ဘုရားသခင်ထံမှ လာခြင်းမဟုတ်ပေ။

ထို့ပြင် ကျွန်ုပ်တို့သည်ဣသရေလလူမျိုးတို့၏ ဘုရားသခင်ထံမှနှုတ်တိုက်ပညတ်တော်ကိုတောင်းဆိုပါကသခင်ယေရှုတုံးပြန်မှုကို ကျွန်ုပ်တို့အားလုံးစဉ်းစားဆင်ခြင်ရန်လိုအပ်ပေသည်။"သခင်ယေရှုက ဟောရှယသည် လျှို့ဝှက်သောသင်တို့ကိုရည်မှတ်လျက် ဤလူမျိုးသည် နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏။စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။လူတို့စီရင်သောပညတ်တို့ကို သွန်သင်၍နည်းဥပဒေသကို ပေးလျက်ပင်ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏ဟု နောက်ဖြစ်လတ္တံ့သောအရာကို လျောက်ပတ်စွာဟောခဲ့ပြီ။သင်တို့သည် ဘုရားသခင်၏ပညတ်တော်ကိုပယ်၍ ခွက်ဖလားဆေးခြင်းတည်းဟူသောလူတို့မှဆက်ခံသော နည်းဥပဒေသကိုခံယူလျက် ထိုသို့သောအခြားအကျင့်အလေ့များတို့ကိုကျင့်လေ့ရှိကြ၏" (မာကု ၇း၆–၈)。

သူတော်ကောင်းဟန်ဆောင်သူများ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ငြင်းပယ်၍ မိရိုးဖလားကျင့်သုံးမှုစနစ်ကို အသုံးပြုသောဘုရားသခင်၏ လူတို့သည်ဤအချက်က တရားစီရင်မည်ကို သေချာခဲ့ပါသည်။လူတွေ၏ ဖွဲ့စည်းထားသောအကျင့်အကြံကို ဆုတ်ကိုင်ထားခြင်း နှုတ်ကပတ်တော်သည်သင်ခြင်းမဟုတ်သော ခံယူချက်ကိုနှုတ်ကပတ်တော်၏ သွန်သင်ချက်ကဲ့သို့ဆွဲကိုင်အသုံးပြုခြင်းသည် သခင်ယေရှုဖော်ပြထားသည့်အတိုင်း "ဘုရားသခင်၏ပညတ်တော်ကိုစွန့်ပစ်ခြင်း" ပင်ဖြစ်သည်။

ဤအချက်ကို လူတိုင်းလုပ်ဆောင်နိုင်လိမ့်မည်ဟု မိတ်ဆွေသဘောတူလိမ့်မည်ကိုကျွန်တော်ယုံကြည်သည်။ကျွန်ုပ်၏စာဖတ်သူများထံမှ တုံ့ပြန်မှုများကို ဤကဲ့သို့ရှိလိမ့်မည်ဟုကျွန်တော်တွေးတော်မိပါသည်။ "အာမင်၊ညီအစ်ကို၊ဣသရေလလူမျိုးတို့ပြုသောအမှုသည် ထိတ်လန့်စရာကောင်းသည်။" "တွေးကြည့်ပါ။ဣသရေလလူမျိုးတို့သည် လူတွေ၏သွန်သင်မှုများ ကျင့်သုံးမှုများနှင့်ဓလေ့ထုံးစံတို့ကို လိုက်နာ၍မောရှေ၏ပညတ်ကို ဆန့်ကျင်တတ်ကြသည်။ဘုရားသခင်ကသူတို့ကိုတရားစီရင်မည်ကို မထူးဆန်းပေ။" "လူတွေ၏ဓလေ့ထုံးစံကို ဆုတ်ကိုင်ပြီးဘုရားသခင်၏ပညတ်တော်ကို ပစ်ပယ်ခြင်းဟူသည်အဘယ်နည်း။စဉ်းစားရန်ခက်ပေသည်။" သို့သော် ကျွန်ုပ်ပြောစရာရှိသည်။ကျွန်ုပ်တို့သည် ရာစုနှစ်တုန်းက ဖော်ပြထားချက်တို့ကို ယနေ့ခရစ်ယာန်တို့သည်တစ်ချက်မလွဲ လုပ်ဆောင်ကြပါသည်။

ဤအကြောင်းကို နှုတ်ဖြင့်သာဖော်ပြရာတွင်ယုံကြည်နိုင်ဖွယ်မရှိချေ။သို့သော် ရိုးရှင်းသောအချက်အလက်ဖြစ်သည်။အသင်းတော်အသက်တာ အတွေ့အကြုံများနှစ်ပေါင်းများစွာတပ်လာသောအခါ ဓလေ့ထုံးစံဖြစ်လာခဲ့သည်။သို့မဟုတ် စည်းမျဉ်းစည်းကမ်းတစ်ခုဖြစ်လာခဲ့သည်။၎င်းကို

ခရစ်ယာန်တို့က မေးခွန်းမေးမြန်းခြင်းမရှိပဲလိုက်လျှောက်ကာ ထပ်မံဖြည့်စွပ်လျက်ရှိသည်။၎င်းကို အထွတ်အမြတ်ထားကာ ဣသရေလလူမျိုးများ၏ ဘိုးဘေးများဘာသာရေးဦးဆောင်သူများနည်းတူ နှုတ်ကပတ်တော်ထက် ၎င်းဓလေ့ထုံးစံတို့ကို လိုက်နာခဲ့ကြသည်။ဓမ္မသစ်စာမျက်နှာထဲ၌ ကျွန်ုပ်တို့ တွေ့ရှိရသော အကြောင်းအရာတို့နှင့်ဟပ်ဆပ်မှုမရှိပေ။လူတွေထံမှသာလာသောအရာဖြစ်ပြီး လူတွေ၏ဖြည့်စွတ်ထားခြင်းပင်ဖြစ်သည်။သခင်ယေရှု၏ တမန်တော်များအချိန်ကာလပြီးဆုံးသွားနောက် ရောက်လာသော သူတို့သည်သေဆုံးသွားကြပြီ။ထို့ပြင် ဓမ္မသစ်ကျမ်းစာရေးသားပြီးဆုံးသွားပြီး နောက်ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြည့်စုံသွားခဲ့သည်။

ဤဓလေ့ထုံးစံတို့သည် နှုတ်ကပတ်တော်ထဲ၌ တွေ့ရှိသောကွဲလွဲမှုများနှင့်ခြားနားမှုမရှိသည် ကို ဤနေရာတွင်သိရှိနားလည်ရန်လိုအပ်သည်။ဓမ္မသစ်ထဲ၌ တွေ့ရှိရသောသဘောထားကွဲလွဲမှုတို့နှင့်၎င်းပြဿနာတို့သည် တူညီသည်။သမ္မာကျမ်းစာဖော်ပြခြင်းမှ ဆန့်ကျင်ဘက်ဖြစ်သော အတွေးအခေါ်၊အပြုအမူတိုးတက်လာခြင်းသည် မတူညီသောပတ်ဝန်းကျင်အခြေအနေများနှင့် အခြေအနေများခြားနားမှုပေါ်တွင် မူတည်၍တုံးပြန်ရပေမည်။ထိုသူတို့သည် ဓမ္မသစ်ကျမ်းထဲ၌ မဖော်ပြထားသောအရာတို့ကို လက်စွဲပြု၍ကျင့်သုံးနေသည်ကို တွေ့ရှိနိုင်ပါသည်။သို့သော် သူတို့သည်နှုတ်ကပတ်တော်သွန်သင်ခြင်းမှ လုံးဝဥဿုံလွဲမှားသော အယူဝါဒအတိုင်းကျင့်သုံးနေသည်။ထို့ပြင် မလုပ်သင့်သောအရာအားလုံးကို သူတို့သည်ဦးတည်၍ လုပ်ဆောင်နေသည်။သူတို့ကိုလှည့်စားသောသူတို့ ၏အယူဝါဒကိုစွဲကိုင်၍ ၎င်းအယူဝါဒအတိုင်း လိုက်လျှောက်နေသည်။သခင်ယေရှုခိုင်မာစွာ ပြစ်တင်ဝေဖန်သော အကြောင်းအရာအားလုံးဖြစ်သည် နှုတ်ကပတ်တော်ထဲ၌ ဖွင့်ဟဖော်ပြချက်တို့ကို ဆန့်ကျင်၍ အသက်ရှင်ကြသည်။

သမ္မာကျမ်းစာ အနက်ဖွင့်ကျမ်းပြုစုသူများ ဖော်ပြချက်မဟုတ်သောရိုးရှင်းသည် ဖော်ပြချက်များကို ကျွန်တော်ဖော်ပြလိုပါသည်။ကျမ်းတတ်ပုဂ္ဂိုလ်များ (သို့) သမိုင်းကျွမ်းကျင်သူများဖော်ပြချက်က စိန်ခေါ်ပါလိမ့်မည်။ဓမ္မသစ်ထဲ၌ဖော်ပြထားသော သခင်ယေရှု၏နောက်လိုက်တပည့်တော်များ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်သူတို့၏ စာဆောင်များထဲ၌ ဖော်ပြချက်တို့ကိုအခြေပြု၍ ဓမ္မသစ်ကျမ်းထဲ၌ ဖော်ပြထားသောအသင်းတော်၏ တည်ထောင်ခြင်းနည်းလမ်းနှင့်ဖွဲ့စည်းပုံနည်းလမ်းအတိုင်းသူတို့သည် ဤကဲ့သို့ကျင့်သုံးခြင်းဖြစ်သည်။နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားသည့်အတိုင်း ယုံကြည်သူတချို့တို့သည် အသင်းတော်တပါးကဲ့သို့ စုရုံးသောအခါမည်သည့်အရာနှင့်တူနေသည်ကို ကျွန်တော်ဖော်ပြလိုပါသည်။ဤအချက်ကို ကျွန်ုပ်သည်အထူးပြုပါရစေ။အထက်တွင်ဖော်ပြထားသည့်အတိုင်း ပညာတတ်ပုဂ္ဂိုလ်တယောက်ကမှ စိန်ခေါ်ခြင်းမပြုသည်ကိုကွတ်ကွတ်ကွင်းကွင်းတွေ့ရှိရသည်။

ပထမရာစုနှစ်အလယ်ပိုင်း၌ ဖြစ်ပျက်သောအကြောင်းအရာတို့ကို ပြန်လည်တွေးတော၍ ဓမ္မသစ်ကျမ်းအချိန်၌ ဖြစ်ပျက်သောအသင်းတော်အကြောင်းကို ဖျတ်ခနဲကြည့်ကြပါစို့။ဤကဲ့သို့ချက်ချင်းပြောဆိုရလိမ့်မည်။မိတ်ဆွေသည် အသင်းတော်တစ်ခုသို့ပါဝင်သောအခါ ထိုအသင်းတော်နှင့်လက်တွဲပါဝင်လုပ်ဆောင်သူတစ်ဦး ဖြစ်ပါသည်။ရှုံးနိမ့်ခြင်းလုံးဝမရှိနိုင်။အသင်းတော်သားတစ်ဦးဦးအိမ်သို့သွားရောက်ခြင်းတို့ကို မိတ်ဆွေသည်လက်တွေ့ကျကျခံစားရပါလိမ့်မည်။မိတ်ဆွေပါဝင်သောလူဦးရေသည် သေးငယ်နိုင်ပါလိမ့်မည်။ထို့ပြင် မိတ်ဆွေသည် ၎င်းသေးငယ်သောအဖွဲ့နှင့်လက်တွဲပါဝင်လုပ်ဆောင်နိုင်သည်။မိတ်ဆွေမသိဘူးသောသူ ကောင်းမွန်စွာသိဘူးသောသူတို့နှင့် ရင်းနှီးကျွမ်းဝင်စွာမိတ်သဟာရဖွဲ့နိုင်သည်။နောက်ထပ်အသင်းတော်၌ အိမ်ထောင်တိုးပွားရန် ဆုံးဖြတ်ချက်ချပါလိမ့်မည်။အရာအားလုံးထဲမှ မတူညီသောအချက်အလက်တို့သည် ၎င်းအဖွဲ့အစည်းထဲ၌ ပထမဦးဆုံးကြုံတွေ့ပါလိမ့်မည်။မိတ်ဆွေသည် မိမိညီအစ်ကိုမောင်နှမတို့နှင့် အတူတကွစုရုံးသော်အခါ မတူညီသောအချက်နှစ်ခုပေါ်ပေါက်လာပါလိမ့်မည်။

ပထမအနေနှင့် သမိုင်းကြောင်းတလျှောက်ဖြစ်ပျက်မှုတို့ကို မှတ်တမ်းတင်ထားသည့်အတိုင်း ဆောင်ရွက်ရန် ဆိုလိုခြင်းမဟုတ်သော်ငြားလည်း ဘုရားသခင်နှိုးဆော်သည့်အတိုင်း ထိုသူတို့သည်

စုရုံးခြင်း၌ ပါဝင်သောအခါအချင်းချင်းဝေငှရမည့် အချိန်ရောက်လာပါလိမ့်မည်။ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ဂုဏ်တော်ချီးမွမ်းခြင်းမှဆုတောင်းခြင်းသို့ဖြစ်စေ ကိုယ်စားပြုဆုတောင်းခြင်းသို့ဖြစ်စေ ကူးပြောင်းသွားပါလိမ့်မည်။စိတ်နှလုံးထဲမှထွက်လာသောအခက်အခဲတို့ကို တစ်ယောက်ပြီးတစ်ယောက်လွတ်လပ်စွာဝေငှရမည့်အချိန်ရောက်လာပါလိမ့်မည်။ပရိတ်သတ်ရှေ့မှောက်၌ လူတစ်စုံတစ်ယောက် ကမှထွက်လာ၍ဦးဆောင်လိမ့်မည်။တကယ်တန်းကျတော့ အခန်းထဲ၌ရှိနေကြသောသူအားလုံးတို့ သည်အချင်းချင်းမှီခိုအားထားကြပါလိမ့်မည်။အချင်းချင်းထိုင်ခုံနောက်က ထိုင်သူကရှေ့ထိုင်ခုံ၌ ထိုင်သူတို့၏နောက်ကျောကိုသာ မြင်တွေ့ပါလိမ့်မည်။သူတို့လုပ်ဆောင်မှုအားလုံးတို့သည် သွတ်သွတ်လက်လက်ရှိသည်။လွတ်လပ်ကြသည်။ညွှန်ကြားချက်မရှိပေ။သန့်ရှင်းသောဝိညာဉ်တော်က ဦးဆောင်သည်။သူတို့၏ပတ်ဝန်းကျင်တခုလုံးသည် ရှိသေလေးစားဖွယ်ကောင်း၏။ကြည်ညိုဖွယ်ကောင်း၏။ဝမ်းမြောက်ခြင်းနှင့်ပြည့်လျှံ၏။

ဒုတိယအနေဖြင့်၎င်းဝတ်ပြုခြင်းထဲ၌ ပါဝင်သူအားလုံးတို့သည် အစားအသောက်အတူတကွသုံးဆောင်ကြပါသည်။မိတ်ဆွေသည် ထိုနေရာ၌အစားအစာကိုသုံးဆောင်ပြီးသောကြောင့် မိမိအိမ်တွင်မသုံးဆောင်တော့ပဲ နေနိုင်သည်။၎င်းအစားအသောက်သည် မုန့်နှင့်စပျစ်ရည်ဖြစ်နိုင်သည်။၎င်းတို့ကို လူတိုင်းကသုံးဆောင်နိုင်သည်။သခင်ယေရှုသည် အထူးဧည့်သည်တော်အဖြစ် သုံးဆောင်သောအစားအစာသည် သာမန်လူတွေက မပါဝင်နိုင်သော်လည်း ၎င်းအစားအစာသည် အထူးသုံးဆောင်သောအစားအစာပင်ဖြစ်ပါသည်။၎င်းသည် ပွဲတော်မင်္ဂလာပင်ဖြစ်သည်။၎င်းထဲတွင် ယုံကြည်သူအယောက်စီတိုင်းတို့သည် စည်းလုံးသောအသင်းတော်အဖြစ်စုရုံးကာ မိတ်ဆွေသည်ရပ်ဝေးတွင်ရှိနေသော်လည်း ဘုရားသခင်၏မိသားစုတိုးတက်နိုင်ဖို့ရန်အတွက် အတူတကွပေါင်းစည်းစည်းလုံးခြင်းဖြစ်သည်။

မိတ်ဆွေမှတ်သားထားရန်အတွက် တချို့ရှိသေးသည်။ဦးဆောင်ခြင်း၌ ဖြစ်ပေါ်စမြဲဖြစ်သောနိမ့်ကျသည့် ကိစ္စမျိုးဖြစ်သောတိုးတက်ကြီးထွားပြီး အမြော်အမြင်မြင့်မားလာခြင်းထက် ကျဆုံးခြင်းကိုပေါ်ပေါက်လာပါလိမ့်မည်။ထပ်မံ၍ ဖော်ပြရာလျှင်လုပ်ဆောင်မှုကိစ္စရပ်မျိုးဟု ပြောရပေမည်။ရာထူးအဆင့်အတန်းအလိုက်ခွဲခြားခြင်းမျိုးမဟုတ်ပေ။ထို့ပြင် ဤအချက်တို့ကို သင်းဝင်သူအားလုံးပါဝင်ရသောလုပ်ငန်းကိစ္စမျိုးဖြစ်သည်။အသင်းတော်၌ လူတစ်ဦးတစ်ယောက်ကသာဦးဆောင်ခြင်းယူဆချက်မျိုးသည် ၎င်းအဖွဲ့အစည်းဝင်ပါဝင်သူတို့ကို တခြားနိုင်ငံသားဟုထင်မှတ်ခြင်းပင်ဖြစ်သည်။ဤလူတို့သည် တူညီသောအသင်းတော်တစ်ပါးမှလာသည်။သူတို့သည်၎င်းအသင်းတော်မှကြီးပြင်းလာသူများဖြစ်ပါသည်။အသင်းတော်မှ ကြီးပြင်းလာသောလူငယ်အားလုံးတို့သည် ဖြစ်ပျက်သမျှအားလုံးကို ကောင်းမွန်စွာသိရှိခဲ့ကြသည်။ရာထူးအဆင့်အတန်းခွဲခြားမှုမရှိသောကြောင့် ဤလူတို့သည် အသင်းတော်လူကြီးများ (သို့) အသင်းတော်ထောက်မသူများ (သို့) အသင်းတော်ကွပ်ကဲသူများ (မိတ်ဆွေဖတ်ရှုသော ကျမ်းစာထဲ၌ ဘာသာပြန်ဆိုထားသည့်အတိုင်း)နှင့်သင်းအုပ်ဆရာများ (သို့) သိုးထိန်းများ(ဘာသာပြန်ဆိုထားသည့်အတိုင်း)ဟု ခေါ်ပြီး ထိုသို့နာမည်အမျိုးမျိုးခေါ်တွင်သော် လည်း လူပုဂ္ဂိုလ်သည်အတူတူပင်ဖြစ်သည်။သာသနာလုပ်ငန်းအမျိုးမျိုး(တမန်တော်များပရောဖက်များဆရာများစသဖြင့်)၌ ပါဝင်သူတို့သည်တခြားဟိုနေရာ ဒီနေရာများတွင်ဖိတ်ကြားခြင်းခံ၍ကူညီရန်လိုအပ်ပါလိမ့်မည်။ထို့ကြောင့် သူတို့သည်တခြားနေရာဒေသသို့ ရွှေ့ပြောင်းအမှုတော်ဆောင်နိုင်ပါလိမ့်မည်။အသင်းတော်တော်၌ ဦးဆောင်လမ်းပြမှုကို အစဉ်ချောမွေ့မှသာ ၎င်းအသင်းတော်သည် တိုးတက်ဖွံ့ဖြိုးမှုရရှိမည်ဖြစ်ပါသည်။ဦးဆောင်မှုပုံစံသည် အယောက်စီတိုင်းလွတ်လပ်တက်ကြွစွာပါဝင်နိုင်သော နည်းလမ်းဖြစ်သည်ကိုသူတို့က သေချာစွာသိရှိခဲ့ကြသည်။ပုလ္လင်တော်ရှေ့သို့ ထွက်သွား၍ဦးဆောင်ခြင်းသည် ဘုရားသခင်၏အလိုတော်မဟုတ်ကြောင်းကို တမန်တော်များကသွန်သင်ထားပါသည်။ထိုကဲ့သို့လုပ်ဆောင်ခြင်းသည်လည်း သူတို့၏စိတ်ထင်တိုင်း ပြုလုပ်သည့်ဆန္ဒပင်ဖြစ်သည်။

ထိုကဲ့သို့ပြုခြင်းသည် ဓမ္မသစ်စာမျက်နှာထဲ၌ ဖွင့်ပြလျက်ရှိသော အသင်းတော်၌ကျင့်သုံးသည့်တမန်တော်များ၏ သွန်သင်မှုများနှင့်ထုံးတမ်းစဉ်လာစနစ်များကို သူတို့သည်မှားယွင်းစွာဖြင့်ဆုပ်ကိုင်ထားခြင်းပင်ဖြစ်သည်။ထို့နောက်စောစောက ကျွန်တော်ရေးသားခဲ့သည့် အကြောင်းအရာတို့နှင့်ပတ်သက်၍ ကျမ်းစာအနက်ဖွင့်ဘာသာပြန်သူ ကျမ်းတတ်ပုဂ္ဂိုလ်သို့မဟုတ်သမိုင်းကျွမ်းကျင်သူစသော ပုဂ္ဂိုလ်တစ်ဦးမျှက သူတို့၏တတ်ကျွမ်းမှုကို အသုံးပြု၍မေးခွန်းထုတ်နိုင်မည်မဟုတ်ပေ။ဓမ္မသစ်ကျမ်းထဲတွင် ရိုးရိုးသာမန်ဖော်ပြချက်တို့ကို ကျွန်တော်တင်ပြလိုပါသည်။နှုတ်ကပတ်တော် ကယုံကြည်သူအားလုံးတို့သည် နေရာတခု၌အသင်းတော်တစ်ပါးကဲ့သို့ကောင်းသော အရာလုပ်ဆောင်ဖို့ရန်စုရုံးခြင်းကို ဖွင့်ပြထားပါသည်။ယနေ့ ကျွန်ုပ်တို့သည်အသင်းတော်ပမာစုရုံးသောအခါဘုရားသခင်ကို မည်ကဲ့သို့ချဉ်းကပ်ပါသနည်း။(အမှန်မှာတော့ အသင်းတော်သမိုင်းလှပဖို့ရန်အတွက်ယနေ့ယုံကြည်သူများတို့သည် မည်ကဲ့သို့လုပ်ဆောင်ကြပါသနည်း။)အစောပိုင်းတွင်စီစဉ်တင်ပြထားသည့်အတိုင်းကျွန်ုပ်တို့သည် မတူညီသောအရာကို လုပ်ဆောင်ခြင်းမဟုတ်ပေ။လုံးဝဆန့်ကျင်ဘက်ဖြစ်သော အရာကိုသာလုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။

စစခြင်းကျွန်ုပ်တို့သည် ခန်းမဆောင်ထဲ၌ အရိုတ်သတ်များစွာပါဝင်စုရုံးခဲ့ကြသည်။ကျွန်တော်မေးပါရစေ။မိမိနေအိမ်များ၌ အုပ်စုငယ်အဖြစ်အစည်းအဝေးပြုလုပ်ခြင်းနှင့်ကွာခြားချက်ရှိသလော။ကွာဟမှုမရှိ။အတူတူပင်ဖြစ်သည်။

ဒုတိယအနေနှင့်(တခါတရံ)ကျွမ်းကျင်သည့်ဦးဆောင်သူတစ်ဦးက ပရိတ်သတ်ရှေ့မှောက်၌ဦးဆောင်ခြင်းဖြစ်သော အစည်းအဝေးတို့ကိုကျင်းပနိုင်ပါသည်။၎င်းအစည်းအဝေးမျိုးသည် ဝိညာဉ်တော်လမ်းပြသည့်အတိုင်းအားလုံးတို့သည် လွတ်လပ်စွာပါဝင်ခြင်းမရှိနိုင်ပေ။ကျွန်ုပ်ကိုပြောပါ။ပရိတ်သတ်များရှေ့မှောက်၌ ဦးဆောင်သူမရှိပဲလူတိုင်းအားလုံးလွတ်လပ်စွာ ပါဝင်ခြင်းသည်လွတ်လပ်ခြင်းနှင့်လူတိုင်းပါဝင်နိုင်ခြင်းမျိုးဖြစ်သလော။မဟုတ်ပေ။ထိုကဲ့သို့ခံယူခြင်းသည်လည်းဆန့်ကျင်ဘက်ဖြစ်သွားပါသည်။

တတိယအနေနှင့်ဝတ်ပြုအစည်းအဝေးပြီးဆုံးသွားနောက် (ဓမ္မကျမ်းထဲ၌ရှိသောသင်းတော်၌ဝတ်ပြုအစည်းအဝေးပြီးဆုံးသွားပြီးနောက်ကျွေးမွေးဧည့်ခံခြင်း ရမှိတော့ပေ) ကျွန်ုပ်တို့သည်မုန့်နှင့်စပျစ်ရည်ကိုသုံးဆောင်ကြသည်။ကျွန်တော်မေးခွန်းတခုနောက်ထပ်မေးလိုက်သည်။ အစားအသောက် သုံးဆောင်ရာတွင် သဘောထားကွဲလွဲမှုတွေရှိပါသလော။မဟုတ်ပါ။အရာခပ်သိမ်းတို့သည်လုံးဝခြားနား မှုရှိသည်။ ၎င်းသည် အသင်းတော်၌အစားအစာအတူတကွ သုံးဆောင်ရန်သွန်သင်ပေးသော တမန်တော်တို့ကိုလုံးဝစိမ်းကားနေခဲ့သည်။တကယ်တန်းကျတော့ ၎င်းသည်ပွဲတော်မင်္ဂလာသုံးဆောင်ခြင်း ပင်ဖြစ်သည်။(ဂရိစကားအားဖြင့် deipnon ဟုသမ္မာကျမ်းစာထဲတွင် ဖော်ပြ၍၊ အဓိပ္ပါယ်သည် ညနေ စောင်း၌ သုံးဆောင်သောအဓိကအစားအသောက်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဖော်ပြရန်အတွက်နေရာမဝင်ဆံ့သော်လည်း ကျွန်တော်တင်ပြရန်အမြောက်အများရှိသေးသည်။ ထိုသို့ဖြစ်သော်လည်း ကျွန်ုပ်တို့သည် မည်ကဲ့သို့ဦးဆောင်ပါသ နည်း။ ဖော်ပြခဲ့ပြီးသော်အသင်းတော်ကို ဆန့်ကျင်ဘက်ပြုသကဲ့သို့ ကျွန်ုပ်တို့၏အသင်းတော်တို့ သည်မည်သည့်အရာနှင့် တူပါသနည်း။ ကောင်းပေ၏။ ကျွန်ုပ်တို့သည် အပြင်လောကပုံ သဏ္ဍာန်ကိုပုံဆောင်၍ရာထူးအဆင့်အတန်းကို ကြည့်ကာ ဦးဆောင်သူကို ခန့်အပ်တတ်ကြပါ သည်။ ထိုကဲ့သို့ဖြစ်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ ရာထူးအဆင့်အတန်းကိုကြည့်၍ ကွဲပြား ခြားနားမှုကိုပြုလုပ်ခြင်းပင်ဖြစ်သည်။ ထို့ပြင် ကျွမ်းကျင်သူတို့ကို အပြင်မှခေါ်၍ အလုပ်ခန့်အပ်ခြင်းမျိုးသဘောလည်း သက်ရောက်သွားပါသည်။ အလုပ်လုပ်ရန်နေရာမရသောသူများ၊ သာမညလူတန်းစားများ၊ လစာမရှိသောအသင်းတော်မှ ကြီးပြင်းလာသော ညီအစ်ကိုများနှင့်နှိုင်းယှဉ်ကြည့် ပါ။ ထို့ပြင် ကျွန်တော်မေးပါရစေ။ အထက်ဖော်ပြသည့်အတိုင်း လုပ်ဆောင်ခြင်းသည် မှားယွင်းမှုရှိသလော။ ထိုကဲ့သို့ပြုခြင်းသည် လုပ်ငန်းတစ်ခုခုလုပ်ဆောင်ရာတွင်နှံ့စပ်ပြီးမြောက်ခြင်းမရှိပဲတခြားလုပ်ငန်းကို လုပ်ဆောင်ခြင်းနှင့်တူသည်မဟုတ်လော။ ထိုကဲ့သို့မဟုတ်ပါ။ ယနေ့အသင်း

တော်၌ လုပ်ဆောင်လျက်ရှိသောလုပ်ငန်းတို့သည် သခင်ယေရှုတပည့်တော်များ၏ သွန်သင်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သွားခဲ့သည်။ တပည့်တော်တို့သည် ဤကဲ့သို့ယူဆချက်တို့ကို မည်သို့ထဲမှ ရရှိပါသနည်း။ ဘုရားသခင်ထံမှ ရရှိခဲ့သည်။

ယခုကျွန်ုပ်တို့ဆွေးနွေးသော လှုပတင့်တယ်မှုမရှိသောအသင်းတော်ရှိသည်ဖြစ်၍ ကျွန်ုပ်တို့သတ်ပြုရန် အလွန်လိုအပ်ပါသည်။ Catholic သို့မဟုတ် Prebyterian အသင်းတော်ဖြစ်စေ၊ Aglican သို့မဟုတ် Methodist အသင်းတော်ဖြစ်စေ၊ Episcopalian သို့မဟုတ် Free Evangelical အသင်းတော်ဖြစ်စေ၊ အသင်းတော်၌ လိုက်ရမည့်စည်းမျဉ်းစည်းကမ်းများ ချမှတ်လာသောအခါ ၎င်းတို့သည် နှုတ်ကပတ်တော်သွန်သင်သည့်အတိုင်း သွန်သင်ခြင်း မှုကိုပြုသောသူတို့၏သွန်သင်မှုများနှင့်သူတို့၏ဓလေ့ထုံးစံအတိုင်း အသင်းတော်တစ်ချို့တို့က လိုက်နာကြပြီး အချို့တို့သည် ဖွင့်ပြထားသောနှုတ်ကပတ်တော်ကို ဆန့်ကျင်ပြုကာ သွန်သင် သာသူတို့၏ ခြေလှမ်းသို့လိုက်လျှောက်တတ်ကြပါသည်။ အထက်၌ ဖော်ပြထားခဲ့သော အသင်းတော်သည် အဆောက်အဦးများ၊ ဘာသာရေးထုံးတမ်းစဉ်လာနှင့် ပွဲတော်မင်္ဂလာသုံးဆေ ဆောင်ခြင်းများနှင့် နှုတ်ကပတ်တော်ထဲ၌ဖော်ပြထားချက်အတိုင်းမဟုတ်သော ဦးဆောင်ခြင်းများ ပေါ်တွင် ရပ်တည်ထားသည်။ တခြားဝါကျအားဖြင့်ဖော်ပြပါက ကိစ္စရပ်တို့ကို အသေးစိတ် လေ့လာသောအခါ ကွဲပြားမှုတွေတွေ့ရှိသော်လည်း လုပ်ထုံးလုပ်နည်းအားလုံးတို့သည် အသင်းတော်၌လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ဖော်ပြချက်တို့နှင့် တသွေမတိမ်းတူညီခြင်းမရှိပေ။ သူတို့သည် နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားသောပုံစံတို့နှင့် ဆန့်ကျင်သော လုပ်ထုံးလုပ် နည်းတို့ကို လက်စွဲပြုကာကျင့်သုံးတတ်ကြသည်။

ကနဦးအသင်းတော်ဖခင်ကြီးများသည် ကုသိုလ်ပြုကြ၍ ဘုရားသခင်ကထိရောက်စွာ အသုံးပြုခဲ့သည်။ (ကာလနှစ်ပေါင်းများစွာအတွင်း ခရစ်ယာန်အသင်းတော်၌ ဦးဆောင်သူတို့၏နာမည်စာရင်းအတ္ထုပ္ပတ္တိနှင့် တမန်တော်များသေဆုံးသွားပြီးနောက် ဦးဆောင်သူတို့၏နာမည်စာရင်းအတ္ထုပ္ပတ္တိတို့ကို မှတ်တမ်းသုတေချက်အရ)။ သို့သော် ဤနေရာတွင်ကျွန်ုပ်တို့တွေ့ရှိချက်တို့သည် အလွန်ရုပ်ဆိုးနေပါသည်။ ကျွန်တော်နှင့်အတူလူများစွာတို့က မှားယွင်းသောလုပ်ထုံးလုပ်စဉ်များ ပစ်ပယ်စွန့်လွှတ်ရန်တောင်းဆိုထားပါသည်။ (အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် နှုတ်ကပတ်တော်အတိုင်း လုပ်ဆောင်ခြင်းနှင့်သွန်သင်ခြင်းမပြုကြသောကြောင့် ဖြစ်သည်)။ ထို့ပြင် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်နှင့် လုံးဝမကိုက်ညီသောအမွေအနှစ်နှင့် ကျွန်ုပ်တို့ထံသို့ သူတို့ရေးသားပြုစုခဲ့သော အတွေ့အကြုံတို့ကိုလည်းငြင်းပယ်ခဲ့ပါသည်။ ကျွန်တော်တင်ပြထားသည့်အတိုင်း ကျမ်းစာလေ့လာခံယူချက်မရှိသော သူတို့သည်ကျွန်ုပ်တင်ပြချက်ဖြစ်သော ဓမ္မသစ်အသင်းတော်အသက်တာကို မိန်းမောတွေဝေပါလိမ့်မည်။ ထို့ပြင်ခမည်းတော်တောင်းဆိုခြင်းမဟုတ်သော အပြုအမူတို့ကို ကျင့်သုံးပါလိမ့်မည်။ ကျွန်တော်ထပ်မံ ဖော်ပြလိုပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ အငြင်းပွားမှု ပေါ်ပေါက်နေသည်။ အသင်းတော်အသက်တာနှင့် လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သော သူတို့၏ သွန်သင်မှုတို့သည် မှားယွင်းနေသည်။ ထို့ပြင် ကျွန်ုပ်တို့သည် နောင်လာမည့်ရာစုနှစ်အတွင်း ၎င်းကျင့်သုံးမှုတို့ကို ဆက်လက်ကျင့်သုံးလျှင် သူတို့နည်းတူမှားယွင်းမှုရှိ နိုင်သည်။

ဣသရေလလူမျိုးတို့သည် နှုတ်ကပတ်တော်နှင့် ကိုက်ညီမမှုရှိသော လူကြီးများတို့၏လုပ်ထုံးစနစ်ကို ချစ်မြတ်နိုးကြသောကြောင့် ဓမ္မဟောင်းကျမ်းစာကို နည်းလမ်းမျိုးစုံဖြင့် ချိုးဖောက်ခဲ့ကြသည်။ ခရစ်ယာန်အသင်းတော်တို့သည် ကနဦးအသင်းတော်ဖခင်ကြီးတို့၏ ထုံးတမ်းစဉ်လာတို့ကို စွဲကိုင်ခြင်းအားဖြင့် ဣသရေလလူမျိုးများကဲ့သို့ လုပ်ဆောင်ခဲ့ကြသည်။

***- Beresford Job***